


VOLUME I, ISSUE 2 2 January 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့သော သဝဏ်လွှာကောက်နုတ်ချက် | ၁ |
| ၂ | ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths ၏ ကြေညာချက်အပေါ် သတင်းထုတ်ပြန်ချက် | ၃ |
| ၃ | ကရင်ပြည်နယ်၊ လေးကေ့ကော်ဒေသရှိ ကျေးရွာများမှပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေး | ၇ |
| ၄ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၈ |
| ၅ | တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ | ၉ |
| ၆ | ပွန်တန်ဆာမြို့၌ အမျိုးသား ၅ ဦးက အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား | ၁၀ |
| ၇ | နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကား | ၁၁ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့သော သဝဏ်လွှာကောက်နုတ်ချက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့သောသဝဏ်လွှာကောက်နုတ်ချက်မှာ–

- မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ဓလေ့ထုံးတမ်းများ မတူကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများ အားလုံးမိသားစုစိတ်ဓာတ်များမွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွ နေထိုင်လာခဲ့ကြကြောင်း။
- မွေးဖွားရာဇာတိ၊ နေထိုင်ရာအရပ်ဒေသ၊ ပြောဆိုသုံးနှုန်းသည့် စာပေ၊ စကား၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ လိုက်နာကျင့်သုံးသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ မည်သို့ပင်ကွဲပြားစေကာမူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး အေးအတူပူအမျှ၊ မရှိအတူရှိအတူ စည်းလုံးညီညာခဲ့ကြကြောင်း။
- ကရင်တိုင်းရင်းသားများ၏ ဖြစ်တည်မှုသမိုင်းကြောင်း ရှည်လျားမှုနှင့်အညီ ရှေးဘိုးဘွား ဘီဘင်လက်ထက်ကတည်းက ရှိခဲ့သော ကောင်းမြတ်သည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အတူ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်ကောင်းများကိုလည်း ပိုင်ဆိုင်ထားကြကြောင်း။
- ကရင်ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေး၏ အချက်အချာဒေသတစ်ခု၊ မပျက်စီးသေးသည့် သဘာဝအလှတရားများတည်ရှိနေသည့် ဒေသတစ်ခုဖြစ်သည့်အပြင် သဘာဝသယံဇာတပေါကြွယ်ဝပြီး အဖိုးတန်သစ်တောများလည်း ရှိနေသည့်အတွက် ရာသီဥတုသမမျှတပြီး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။
- ကရင်ပြည်နယ်၏ အထင်ကရသင်္ကေတသည် သံလွင်မြစ်ဖြစ်သလို ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှုသင်္ကေတသည် ဖားစည်ဖြစ်ကြောင်း။
- နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲ စသည့် ဘာသာရေးဆိုင်ရာ ရိုးရာဓလေ့ပွဲတော်များရှိပြီး ကရင်ဒုံးယိမ်းအကသည် မြူးကြွ၍ လူကြိုက်များသည့်အကတစ်မျိုးဖြစ်၍ ထိုကဲ့သို့သော ယဉ်ကျေးမှုအမွေများသည် ကရင်တိုင်းရင်းသားများအတွက် တန်ဖိုးမဖြတ်နိုင်သည့်အရာများပင်ဖြစ်ကြောင်း။
- ကရင်တိုင်းရင်းသားများ ဘိုးဘွားဘီဘင် အစဉ်အဆက်ထိန်းသိမ်းလာခဲ့ကြသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ၊ လက်ဆင့်ကမ်း ထိန်းသိမ်းလာကြသည့် ရိုးသားမှု၊ ကြိုး

စားမှု၊ သစ္စာရှိမှု၊ တိကျ ပြတ်သားစွာ ဆောင်ရွက်တတ်မှုများကို နောင်အနာဂတ်တိုင်းရင်းသားလူငယ်များကလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

- နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်း။
- ကရင်တိုင်းရင်းသားတို့၏ တိုင်းပြည်အပေါ်ထားရှိသည့် ကောင်းမွန်သော စိတ်ထားများကြောင့် ငြိမ်းချမ်းရေးအသီးအပွင့်ကို လက်တွေ့သိရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ထိတွေ့ခံစားနေရပြီ ဖြစ်ကြောင်း။
- ထိုရရှိပြီးသော ရလဒ်ကောင်းများကို ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဖော်ဆောင်ပြီး ငြိမ်းချမ်းရေးအမွေကို သားစဉ်မြေးဆက်ခံစားနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်မှာ ကရင်တိုင်းရင်းသားတို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း။
- ကရင်တိုင်းရင်းသားများအနေဖြင့်လည်း ပညာနှင့်ယှဉ်သော သတ္တိ၊ မေတ္တာနှင့်ယှဉ်သော ရဲရင့်ခြင်းများသည် ထားရှိအပ်သောမွန်မြတ်သည့် စိတ်ဓာတ်များဖြစ်သည်ဟု ရှုမြင်ကာ ပိုမိုကောင်းမွန်သောနှစ်သစ်ကို လက်တွဲပူးပေါင်းဖော်ဆောင်ကြရန် အလေးအနက်ဖိတ်ခေါ်လိုကြောင်း။
- နိုင်ငံတော်ကို စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရေးအတွက် အဓိကအခြေခံရမည့်အချက်မှာ ဒို့တာဝန်အရေး(၃)ပါးဖြစ်ပြီး တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်သော စုပေါင်းအင်အားဖြင့် နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားကြရန် တိုက်တွန်းလိုကြောင်း။
- ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာဝပြောရေးတို့အတွက် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း။
- မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး လက်မှတ်ရေးထိုးလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူ၊ သက်ဆိုင်သူအားလုံးက မှန်ကန်သော စိတ်ရင်းစေတနာ၊ ပြင်းပြသော ဆန္ဒတို့ဖြင့် တက်ညီလက်ညီစုပေါင်း အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း။

ကရင်နှစ်သစ်ကူးနေ့တွင် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်ဝကြလျက် သာယာကောင်းမွန်သောနှစ်သစ်ကို မွန်မြတ်သောစိတ်ဓာတ်ဖြင့်ကြိုဆို၍ နှစ်သစ်ကူးပွဲတော်ကို တပျော်တပါး ဆင်နွှဲရင်း ကရင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ပိုမိုရရှိပါစေကြောင်း သဝဏ်လွှာပေးပို့အပ်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂-၁-၂၀၂၂)**

- **ကရင်တိုင်းရင်းသားများ ဘိုးဘွားဘီဘင်အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ၊ လက်ဆင့်ကမ်းထိန်းသိမ်းလာကြသည့် ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှုများကို နောင်အနာဂတ်တိုင်းရင်းသားလူငယ်များကလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်။**
- **နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မိမိတို့၏ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်း။**
- **ကရင်တိုင်းရင်းသားတို့၏ တိုင်းပြည်အပေါ်ထားရှိသည့် ကောင်းမွန်သော စိတ်ထားများကြောင့် ငြိမ်းချမ်းရေး အသီးအပွင့်ကို လက်တွေ့သိရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ထိတွေ့ခံစားနေရပြီ ဖြစ်ကြောင်း။**
- **ကရင်တိုင်းရင်းသားများအနေဖြင့်လည်း ပညာနှင့်ယှဉ်သောသတ္တိ၊ မေတ္တာနှင့်ယှဉ်သော ရဲရင့်ခြင်းများသည် ထားရှိအပ်သောမွန်မြတ်သည့် စိတ်ဓာတ်များဖြစ်သည်ဟု ရှုမြင်ကာ ပိုမိုကောင်းမွန်သောနှစ်သစ်ကို လက်တွဲ ပူးပေါင်းဖော်ဆောင်ကြရန် အလေးအနက်ဖိတ်ခေါ်လိုကြောင်း။**

- **ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာဝပြောရေးတို့အတွက် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း။**
- **မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး လက်မှတ်ရေးထိုးလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူ၊ သက်ဆိုင်သူအားလုံးက မှန်ကန်သော စိတ်ရင်းစေတနာ၊ ပြင်းပြသောဆန္ဒတို့ဖြင့် တက်ညီလက်ညီစုပေါင်း အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း။**

## ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths ၏ ကြေညာချက်အပေါ် သတင်းထုတ်ပြန်ချက်

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဖော်ပြထားသည့် ကြေညာချက်တွင် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး ဖြစ်ပွားခဲ့သော အရပ်သားများ သေဆုံးခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို မလိုလားသော ကိုယ်ကျိုးရှာမီဒီယာများ၊ သတင်းသမားများနှင့်ပူးပေါင်း၍ ဖြစ်စဉ်အား ၎င်းတို့လိုရာဆွဲကာ ရေးသားထုတ်လွှင့်၍ အထင်အမြင် လွဲမှားစေရန် လုပ်ဆောင်ခဲ့ကြောင်းနှင့် မြေပြင်တွင် အမှန်တကယ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အမှန်အား သတင်းထုတ်ပြန်ထားရှိပါသည်။

### သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် မြန်မာနိုင်ငံ၊ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး ဖြစ်ပွားခဲ့သော အရပ်သားများ သေဆုံးခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths က ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် အချက်(၅)ချက်ပါ ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ရာ-

- ဖြစ်စဉ်တွင် ကလေးငယ်တစ်ဦးအပါအဝင် လူ(၃၅)ဦးထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် Save The Children အဖွဲ့မှ ဝန်ထမ်း(၂)ဦးအား ဖမ်းဆီးထားပြီး မော်တော်ယာဉ်များလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း။
- ယခုကဲ့သို့ အရပ်သားများအပေါ် တိုက်ခိုက်ခဲ့မှုများကိုရှုတ်ချ၍ ကျူးလွန်ခဲ့သူများကို အမြန်ဆုံးတရားစီရင်နိုင်ရေးပွင့်လင်းမြင်သာမှုရှိသည့် စုံစမ်းစစ်ဆေးမှုများ ချက်ချင်းလုပ်ဆောင်ရန် တိုက်တွန်းကြောင်း။
- မြန်မာ့တပ်မတော်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း အရပ်သားပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး ကာကွယ်ပေးရန် တိုက်တွန်းကြောင်းအစရှိသည့်အချက်များ ပါဝင်ကြောင်း သိရှိရပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏ အာဏာအရပ်ရပ်အား ခေတ္တထိန်းသိမ်းခဲ့သည့်အချိန်မှစတင်၍ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ၊ လက်နက်ဖြင့် တိုက်ခိုက်မှုများ၊ အုပ်စုဖွဲ့ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် အနိမ့်ဆုံးအဆင့်၊ အနည်းဆုံးအင်အားကိုသာ အသုံးပြု၍ တည်ဆဲတရားဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျကိုင်တွယ် ထိန်းသိမ်းခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ အာဏာအရပ်ရပ်အား

ခေတ္တထိန်းသိမ်းထားသည့် ကာလအတွင်း နိုင်ငံအတွင်း၌ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တို့အတွက် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့အား ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရည်မှန်းချက်၊ ရည်ရွယ်ချက်ကောင်းများထားရှိ၍ ကြိုးပမ်းလုပ်ဆောင်နေသည့်ကာလအတွင်း အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH ၊ NUG အမည်ခံအဖွဲ့များက ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့အား D Day အဖြစ်သတ်မှတ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ၎င်းတို့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများက နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ စတင်လုပ်ဆောင်ရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထိုသို့ကြေညာခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများတွင် အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်းကို ပိုမိုလုပ်ဆောင်လာခဲ့ပြီး အထူးသဖြင့် လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော အရပ်သားများ၊ နိုင်ငံ့ဝန်ထမ်းများအား ဒလန်အဖြစ်စွပ်စွဲ၍ သတ်ဖြတ်ခြင်း၊ ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့်မိသားစုများကို အုပ်စုဖွဲ့သတ်ဖြတ်ခြင်း၊ တန်ဖိုးရှိပစ္စည်းများအား အတင်းအဓမ္မယူဆောင်၍ နေအိမ်အဆောက်အဦနှင့် ပစ္စည်းကိရိယာများအား မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့အား အားပေးကူညီရန်အတွက် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်အကြပ်ကိုင်ခြင်းအစရှိသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိပါသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths ၏ ကြေညာချက်တွင်ပါရှိသော ဖြစ်စဉ်ဖြစ်ပွားရခြင်းမှာ-

- ကယားပြည်နယ်အတွင်း နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီးသို့ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် နံနက်ပိုင်း၌ ရောက်ရှိချိန်တွင် မော်တော်ယာဉ်(၇)စီးအား တွေ့ရှိ၍ လုံခြုံရေးအရစစ်ဆေးမှုခံယူနိုင်ရေး ရပ်တန့်စေခဲ့ရာ ရပ်တန့်မှုမရှိဘဲ မော်တော်ယာဉ်ပေါ်မှ လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မောင်းနှင်ထွက်ပြေးသွားခဲ့။
- ထိုသို့မောင်းနှင်ထွက်ပြေးသွားစဉ် မိုဆိုကျေးရွာအနီးရှိ တောင်ကုန်းများတွင် အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်သမား ၁၀ ဦးခန့်က အာပီဂျီ၊ ၄၀ မမဖုံးပစ် လောင်ချာ၊ လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မိမိလုံခြုံရေးတပ်ဖွဲ့ဝင်များက မလွဲမရှောင်သာ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့။
- ဖြစ်စဉ်တွင် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သင်တန်းတက်ရောက်ရန် စုဆောင်းလာသည့် လူသစ်အချို့တို့အား အမ်-၁၆ သေနတ် ၁ လက်၊ ပွိုင့်-၂၂ သေနတ် ၁ လက်၊ တူမီးသေနတ် ၃ လက်၊ လက်ပစ်ဗုံး ၇ လုံး၊ အမ်-၁၆ ကျည် ၂၅ တောင့်၊ ကျည်အိမ် ၂ ခု၊ ပြောက်ကျားယူနီဖောင်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ပြီး ဓာတ်ဆီ၊ ဒီဇယ်နှင့် အကြမ်းဖက်အဖွဲ့များစားသုံးရန် ကျေးရွာများမှ အဓမ္မကောက်ခံခဲ့သည့် စားသောက်ကုန်ပစ္စည်းများတင်ဆောင်ထားသည့် မော်တော်ယာဉ် ၇ စီးမှာလည်း မီးလောင်ပျက်စီးခဲ့။

အဆိုပါ အကြမ်းဖက်အဖွဲ့သည် ယင်းနေ့နံနက်ပိုင်းတွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်လာသည့် အရပ်ဘက်ခရီးသည်တင်လေယာဉ်အား ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်၍ အရပ်ဝတ်ဖြင့် လျှို့ဝှက်ထွက်ပြေးလာသည့် အဖွဲ့ဖြစ်ကြောင်း ဒေသခံများမှတစ်ဆင့် ဖော်ထုတ်ရရှိခဲ့ပါသည်။ ၎င်းဖြစ်စဉ်အားလည်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့တွင် နိုင်ငံတော်ပိုင်ရုပ်သံလိုင်းများနှင့် သတင်းစာများတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH နှင့် NUG အမည်ခံအဖွဲ့များ၏ D Day အဖြစ် သတ်မှတ်ကြေညာပြီးနောက် နိုင်ငံအတွင်းအချို့ဒေသများတွင် ယခုဖြစ်စဉ်ကဲ့သို့ အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်မှုများ များပြားစွာဖြစ်ပေါ်ခဲ့ပြီး ယခုဖြစ်စဉ်မှာလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို မလိုလားသော ကိုယ်ကျိုးရှာမီဒီယာများ၊ သတင်းသမားများနှင့်ပူးပေါင်း၍ ဖြစ်စဉ်အား ၎င်းတို့လိုရာဆွဲကာ ရေးသားထုတ်လွှင့်မှုများအပေါ် အခြေပြုပြီး ယခုကဲ့သို့ အထင်အမြင်လွဲမှားစေရန် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း ROE နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အရပ်သားပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၂-၁-၂၀၂၂)**



ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပစ်ခတ်ဖမ်းဆီး

**ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ရမှုကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားမှု**



ပြည်တွင်းသတင်း

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် ရှော့တိုက်ဒုံးဖြင့် အချိန်ကိုက်ပစ်ခတ်

**လွိုင်ကော်လေဆိပ်သို့ ခရီးသည်တင်လေယာဉ်ဆိုက်ရောက်စဉ် အကြမ်းဖက်သမားများက ရှော့ခ်တိုက်ဒုံးဖြင့် အချိန်ကိုက်ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားမှု**

- ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး ဖြစ်ပွားခဲ့သော အရပ်သားများသေဆုံးခဲ့မှု ဖြစ်စဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးက အချက်(၅)ချက်ပါ ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့။
- မြန်မာ့တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏ အာဏာအရပ်ရပ်အား ခေတ္တထိန်းသိမ်းခဲ့သည့်အချိန်မှ စတင်၍ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ၊ လက်နက်ဖြင့် တိုက်ခိုက်မှုများ၊ အုပ်စုဖွဲ့ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် အနိမ့်ဆုံးအဆင့်၊ အနည်းဆုံးအင်အားကိုသာ အသုံးပြု၍ တည်ဆဲတရားဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခဲ့။
- ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီးတွင် မော်တော်ယာဉ်(၇)စီးအားတွေ့ရှိ၍ လုံခြုံရေးအရ စစ်ဆေးမှုခံယူနိုင်ရေး ရပ်တန့်စေခဲ့ရာ ရပ်တန့်မှုမရှိဘဲ မော်တော်ယာဉ်ပေါ်မှ လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မောင်းနှင်ထွက်ပြေးသွားခဲ့။
- မိုဆိုကျေးရွာအနီးရှိ တောင်ကုန်းများတွင် အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်သမား ၁၀ ဦးခန့်က အာပီဂျီ၊ ၄၀ မမဖုံးပစ်လောင်ချာ၊ လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မိမိလုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့။
- KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သင်တန်းတက်ရောက်ရန် စုဆောင်းလာသည့် လူသစ်အချို့တို့အား အမ်-၁၆ သေနတ် ၁ လက်၊ ပွိုင့်-၂၂ သေနတ် ၁ လက်၊ တူမီးသေနတ် ၃ လက်၊ လက်ပစ်ဗုံး ၇ လုံး၊ အမ်-၁၆ ကျည် ၂၅ တောင့်၊ ကျည်အိမ် ၂ ခု၊ ပြောက်ကျားယူနီဖောင်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ပြီး ဓာတ်ဆီ၊ ဒီဇယ်နှင့် အကြမ်းဖက်အဖွဲ့များ စားသုံးရန် ကျေးရွာများမှ အဓမ္မကောက်ခံခဲ့သည့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ် ၇ စီးမှာလည်း မီးလောင်ပျက်စီးခဲ့။
- အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH နှင့် NUG အမည်ခံအဖွဲ့များ၏ D Day အဖြစ် သတ်မှတ်ကြေညာပြီးနောက် နိုင်ငံအတွင်းအချို့ဒေသများတွင် ယခုဖြစ်စဉ်ကဲ့သို့ အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်မှုများ များပြားစွာ ဖြစ်ပေါ်ခဲ့ပြီး ယခုဖြစ်စဉ်မှာလည်း တစ်ခုအပါအဝင်ဖြစ်။
- လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း ROE နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အရပ်သားပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိ။

# ကရင်ပြည်နယ်၊ လေးကေ့ကော်ဒေသရှိ ကျေးရွာများမှပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေး





ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့သစ်တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသဖြင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာစကားများဖြင့် ပြန်လည်ဖိတ်ခေါ်ခြင်း၊ ထိုင်း- မြန်မာ နယ်ခြားကော်မတီများမှ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအနက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် အမျိုးသား ၆၃၆ ဦး၊ အမျိုးသမီး ၈၄၈ ဦး၊ စုစုပေါင်း ၁,၄၈၄ ဦး ထပ်မံဝင်ရောက်လာခဲ့ကြပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီလ ၁ ရက်အထိ အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ မယ်ထော်သလေးနှင့် မေတ္တာလင်းမြိုင်ကျေးရွာတို့တွင် နေထိုင်သူ အမျိုးသား ၂,၇၁၂ ဦး၊ အမျိုးသမီး ၃,၁၆၀ ဦး၊ စုစုပေါင်း ၅,၈၇၂ ဦးတို့သည် ၎င်းတို့နေရပ်သို့ အသီးသီးပြန်လည်ဝင်ရောက်လာခဲ့ပါသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျလက်ခံခဲ့ပြီး ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များနှင့် အခြားလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁-၂၀၂၂)**

- **၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်အထိ အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ မယ်ထော်သလေးနှင့် မေတ္တာလင်းမြိုင် ကျေးရွာတို့တွင် နေထိုင်သူ အမျိုးသား ၂,၇၁၂ ဦး၊ အမျိုးသမီး ၃,၁၆၀ ဦး၊ စုစုပေါင်း ၅,၈၇၂ ဦး ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လာခဲ့။**
- **ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များနှင့် အခြားလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၉၇,၉၅၁ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၂၇,၃၆၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဇန်နဝါရီလ ၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ၁,၀၄၅ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၂,၂၀၀ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဇန်နဝါရီလ ၁ ရက်အထိ ကျောင်းသား/သူစုစုပေါင်း ၁,၄၉၇,၆၆၂ ဦးကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရအနေဖြင့် ကမ္ဘာ့အသီးသီးမှ မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ယာယီ ကန့်သတ်မှုဆိုင်ရာ အစီအမံများကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၈,၃၁၅ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၂ ဦးဖြင့် ရောဂါ ပိုးတွေ့ရှိမှု ၁.၃၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစု ပေါင်း ၆,၀၄၈,၉၆၅ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၀,၉၄၆ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၇၂ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁-၂၀၂၂)**

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၉၇,၉၅၁ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၂၇,၃၆၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **၁-၁-၂၀၂၂ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၄၉၇,၆၆၂ ဦး ကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**

- **မြန်မာနိုင်ငံအစိုးရအနေဖြင့် ကမ္ဘာ့အသီးသီးမှ မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့။**
- **၁-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၀၄၈,၉၆၅ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၀,၉၄၆ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၇၂ ဦးဖြစ်ပြီး ၁-၁-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၃၅ ရာခိုင်နှုန်းရှိ။**

## တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ-

- ဒီဇင်ဘာလ ၃၀ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု (၃) မှု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆ ဒသမ ၃၅၆ သန်းခန့်အား လည်းကောင်း။
- ဒီဇင်ဘာလ ၃၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု(၁)မှု၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇ ဒသမ ၇၇၅ သန်းအားလည်းကောင်း အမှုတွဲဖွင့်လှစ်အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

အဆိုပါဖမ်းဆီးရမိမှု(၄)မှုနှင့်ပတ်သက်၍ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက ထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၂-၁-၂၀၂၂)**

- **မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု(၃)မှု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆ ဒသမ ၃၅၆ သန်းခန့်နှင့် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု(၁)မှု၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇ ဒသမ ၇၇၅ သန်းတို့အား တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ။**

# ပြွန်တန်ဆာမြို့၌ အမျိုးသား ၅ ဦးက အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား


**အောင်မြင့်မြတ်ထွန်း(ဒဏ်ရာရ)**


**ဇင်ကိုလွင်(သေဆုံး)**


**ကျော်စွာလွင်(သေဆုံး)**


**စည်သူထွန်း(သေဆုံး)**


**အောင်ပြည့်စုံထွန်း(သေဆုံး)**

NUG အဖွဲ့၏ စီစဉ်စေခိုင်းချက်အရ PDF အကြမ်းဖက်သမားများသည် ပြည်သူလူထုအား အကြောက်တရားဖြင့် လွှမ်းမိုးထိန်းချုပ်နိုင်စေရန် အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အဝေးထိန်း ရီမုမိုင်းထောင်၍ ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်းများပြုလုပ်ရာတွင် စနစ်တကျ သင်ယူမှုမရှိဘဲ အန္တရာယ်ရှိသည့်ဖောက်ခွဲရေးပစ္စည်းများကို အသိဉာဏ်နည်းပါးစွာဖြင့် ပြုလုပ်နေသောကြောင့် မကြာခဏပေါက်ကွဲသေဆုံးနေကြောင်း တွေ့ရှိရပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၃)ရပ်ကွက်၌ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် ညပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့မ(၃)ရပ်ကွက်ရှိ ဦးစိုးသိန်း ပိုင်ဆိုင်သည့် RC တစ်ထပ်တိုက် ဘယ်ဘက်ခြမ်းတွင် အောင်ပြည့်စုံထွန်း၊ ကျော်စွာနှင့် စည်သူထွန်းတို့ ၃ ဦးအား ခန္ဓာကိုယ်အနှံ့ မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေပြီး အောင်မြင့်မြတ်ထွန်းတွင် ခန္ဓာကိုယ်အောက်ပိုင်း၌ မိုင်းစထိမှန်ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရပါသည်။

အောင်မြင့်မြတ်ထွန်း၏ ထွက်ဆိုချက်အရ ၎င်းသည် ဦးစိုးသိန်း၏သားဖြစ်သူ ဇင်ကိုလွင်(၂၉-နှစ်)၊ အောင်ပြည့်စုံထွန်း၊ ကျော်စွာ၊ စည်သူထွန်းတို့နှင့်အတူ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေအိမ်အား အသေးစိတ်ဆက်လက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုဖြစ်ထားသည့်နေရာအနီးမှ ပျက်စီးနေသော ပစ္စတိုသေနတ် ၁ လက်နှင့် ကျည် ၂ တောင့်အား သိမ်းဆည်းရမိခဲ့ပြီး ဖြစ်စဉ်တွင် ပါဝင်ပြီး ပျောက်ဆုံးနေသည့် ဇင်ကိုလွင်အား ၎င်းနေအိမ်၏ အမြင့် ၁၂ ပေခန့်ရှိ အမိုးပေါ်၌ ခန္ဓာကိုယ်အနှံ့ မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ထပ်မံတွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်မှုများလုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားကာ သေဆုံးခဲ့သည့် ဇင်ကိုလွင်ပါ အမျိုးသား ၄ ဦး၏ အလောင်းများအား ပြွန်တန်ဆာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂-၁-၂၀၂၂)**

- ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၌ အမျိုးသား ၅ ဦးက အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ၄ ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့။

## နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကား



နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း၌ ဘုရားဖူး ခရီးသွားရောက်ကြသူများ၊ ပင်လယ်ကမ်းခြေများသို့ သွား ရောက်အပန်းဖြေသူများ၊ လူကြီး၊ လူငယ်မိသားစုများ အလိုက် ဈေးဝယ်စင်တာများ၊ ပန်းခြံများ၊ အပန်းဖြေစခန်းများသို့ သွား ရောက်ကြသူများဖြင့် နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက် မြိုက်စွာ ပြုလုပ်ခဲ့ကြပါသည်။

- ဇန်နဝါရီလ ၁ ရက်တွင် ရန်ကုန်မြို့ရှိ အများပြည်သူသွား လာလည်ပတ်အနားယူ အပန်းဖြေသည့် (Public Area) များဖြစ်သော ပြည်လမ်းရှိ အင်းလျားကန်ပေါင် ပန်းခြံ၊ ကမ္ဘာအေးဘုရားလမ်းရှိ မြကျွန်းသာပန်းခြံ အင်းလျားကန် ပေါင်များပေါ်တွင် ရောင်စုံမီးများဖြင့် အလှဆင်ထားရှိပြီး လမ်းလျှောက်အပန်းဖြေသူများ၊ အနားယူသူများဖြင့် စည် ကားလျက်ရှိ။
- ပုဂံ-ညောင်ဦးရေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာ ပြည်အရပ်ရပ်မှ ပြည်တွင်းခရီးသွား ဘုရားဖူးဧည့်သည် ၈,၀၀၀ ကျော်ခန့် လာရောက်ဖူးမြော်ခဲ့ပြီး သမိုင်းဝင်အထင် ကရဘုရားကြီး ၁၉ ဆူတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဘုရားဖူးမြော်လျက်ရှိ။
- ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန် (B.E FALLS)သို့ နှစ် သစ်ကူးရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ လာ ရောက်လည်ပတ်သူများ အထူးများပြားလျက်ရှိပြီး ပွဲကောက် ရေတံခွန်တွင် အဆင့်မြှင့်တင် တည်ဆောက်ထားသည့် LED မှန်တံတားများ၊ ကလေးကစားကွင်းများတွင် လည် ပတ်သူများ၊ ရေတံခွန်တွင် မိသားစုလိုက် အနားယူအပန်း ဖြေသူများနှင့် အထူးစည်ကားလျက်ရှိ။
- မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်ရှိ မန်းရွှေစက် တော်ဘုရားကြီးတွင် ကုသိုလ်ပြုဘုရားဖူးလာရောက်သူ များနှင့် မန်းချောင်းအတွင်း ရေချိုးအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ။

## နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ





**မန်းရွှေစက်တော်**

- ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေ၌ နှစ်သစ်ကူးရုံးပိတ်ရက်ကာလ အပန်းဖြေ လာရောက်သူ၊ ရေကစားသူများဖြင့် ယခင်ရက်များထက် ပိုမိုစည်ကားလျက်ရှိ။
- ကော့သောင်းမြို့ရှိ သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် ဘုရင့်နောင်အငူ ဆိပ်ကမ်းသာလမ်းတစ်လျှောက်၌ ဒီဇင်ဘာလ ၃၁ ရက် ညပိုင်းတွင် ဒေသခံများက နှစ်သစ်ကူးကြိုဆိုခဲ့ပြီး မြို့သို့လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ ပင်လယ်ရှုခင်း လာရောက်ကြည့်ရှုသူများဖြင့် အေးချမ်းစည်ကားလျက်ရှိ။

နှစ်သစ်ကူးရုံးပိတ်ရက်များတွင် မြို့ကြီးများရှိ ပန်းခြံများနှင့် ဈေးဝယ်စင်တာများတွင် အပန်းဖြေသူများ၊ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာရောက်သူများ များပြားခဲ့ပြီး ပင်လယ်ကမ်းခြေများတွင်လည်း လာရောက်ရေကစားသူများ၊ အနားအပန်းဖြေသူများ၊ အမှတ်တရလက်ဆောင်ပစ္စည်းဝယ်ယူသူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁-၂၀၂၂)**

## နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ






ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်

- နှစ်သစ်ကူးရုံးပိတ်ရက်များတွင် နိုင်ငံတစ်ဝန်း၌ ဘုရားဖူးခရီးသွားရောက်ကြသူများ၊ ပင်လယ်ကမ်းခြေများသို့ အပန်းဖြေခရီးထွက်သူများနှင့် မြို့အလိုက် ပန်းခြံများ၊ အထင်ကရနေရာများတွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားအေးချမ်းလျက်ရှိ။

**နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ**





ရွှေတိဂုံစေတီတော်

နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ





ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ

**နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ**






ကော့သောင်းဆိပ်ကမ်းသာလမ်း

## နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



မန္တလေးတောင်တော်




ကျောက်တော်ကြီးဘုရား

**နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ**




ငွေဆောင်ကမ်းခြေ



ချောင်းသာကမ်းခြေ

## နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ





ကျိုက်ထီးရိုးဘုရား

**နှစ်သစ်ကူးရုံးပိတ်ရက်တွင် နိုင်ငံတစ်ဝန်း ဘုရားဖူးခရီးသွားကြသူများ၊ ပင်လယ်ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ**





လှိုင်မွေအပန်းဖြေစခန်း